


VOLUME IV, ISSUE 24 15 November 2023


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ | ၁ |
| ၂ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လှိုင်ကော်ဒေသတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက် | ၂ |
| ၃ | Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ | ၄ |
| ၄ | ကိုဗစ်-၁၉ ရန်ပုံငွေမှ မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့် | ၄ |
| ၅ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ | ၅ |
| ၆ | နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် | ၉ |
| ၇ | အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ထပ်မံပေးပို့လှူဒါန်း | ၁၀ |
| ၈ | ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်အခြေအနေအတိုင်း ဝယ်ယူလျက်ရှိ | ၁၃ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉ | တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိ | ၁၄ |
| ၁၀ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၁၈ |
| ၁၁ | ထီးချိုင့်မြို့တွင် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် | ၁၉ |
| ၁၂ | KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်း များနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့မှု ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကယ်ဆယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက် | ၂၂ |
| ၁၃ | ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြားရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန် | ၂၄ |
| ၁၄ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၆ |
| ၁၅ | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ | ၂၇ |

# Information Sheet

## ပြည်ထောင်စုဝန်ကြီးများ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တို့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်အား နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် နေပြည်တော်ရှိ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့်တွေ့ဆုံစဉ်** မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။

**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်တွေ့ဆုံစဉ်** နှစ်နိုင်ငံ ဆက်ဆံရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်အား လက်ခံတွေ့ဆုံခဲ့ပြီး အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**



**ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံနေမှု**

---

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လှိုင်ကော်ဒေသတို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်




ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ် လှိုင်ကော်ဒေသတို့တွင် တိုက်ပွဲဖြစ်ပွားနေမှုအပေါ် တပ်မတော်မှ ဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်များမှာ-

- ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ် လှိုင်ကော်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ရှိ တာမိုးညဲအရှေ့မြောက်ဘက်တွင် တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း။
- သိန္နီမြို့ရှိ ဌာနချုပ်အနေဖြင့် မြို့တွင်းပြန်လည်လုံခြုံမှုရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

- လွိုင်ကော်တွင် နိုဝင်ဘာလ ၁၃ ရက် နံနက် ၈ နာရီခန့်က KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် စစ်ရေးနှင့်မသက်ဆိုင်သော လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ပြီး ကျောင်းတွင်းရှိ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် လုပ်ဆောင်ခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ ထိခိုက်မှုမရှိစေရေး ဘေးကင်းရာနေရာသို့ ပို့ဆောင်ပေးခဲ့ကြောင်း။
- ထိုသို့ ဆောင်ရွက်လျက်ရှိရာ အပြန်အလှန်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက် တော်တော်များများရလိုက်ကြောင်း၊ ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများကိုလည်း ကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသည့်လူများကိုလည်း ကယ်ထုတ်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။
- စစ်ရေးနှင့် မသက်ဆိုင်သည့်ကျောင်းကို ပစ်မှတ်ထားပြီး တိုက်ခိုက်လာခြင်းသည် KNPP နှင့် PDF များ၏ ယုတ်မာရိုင်းစိုင်းမှုပင်ဖြစ်ကြောင်း။
- ရခိုင်ဘက်တွင် နယ်ခြားစောင့်ရဲကင်းစခန်းငယ်တစ်ခုဖြစ်သည့် ဒုံးပိုက်ရဲကင်းစခန်းကို နံနက် ၅ နာရီခန့်၌ AA အဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ တပ်မတော်အနေဖြင့် ကြည်းတပ်နှင့် ရေတပ် ပူးပေါင်းစစ်ဆင်ပြီး ချေမှုန်းလျက်ရှိကြောင်း။
- စစ်ကိုင်းဘက်မှာတော့ ထီးချိုင့်မြို့ကို ပြန်လည်ထိန်းသိမ်းနိုင်သည့် အခြေအနေရှိပြီး ထီးချိုင့်အနီးတစ်ဝိုက်တွင် ဆုတ်ခွာသွားသော KIA နဲ့ PDF ပူးပေါင်းအဖွဲ့များ ရှိနေနိုင်ကြောင်း၊ အဆိုပါအဖွဲ့များကို လိုက်လံချေမှုန်းလျက်ရှိကြောင်း။
- သောင်းကျန်းသူများအနေဖြင့် ၎င်းတို့နာမည်ခံနေသည့် ဒီမိုကရေစီအရေးထက် ပြည်သူပိုင်ပစ္စည်း၊ နိုင်ငံပိုင်ပစ္စည်း၊ ပညာရေး၊ ကျန်းမာရေးများကိုသာ ဖျက်လိုဖျက်ဆီး လုပ်နေခြင်းဖြစ်ပြီး အဆိုပါနေရာများ၌ ဝင်ရောက်နေရာယူကာ စစ်ရေးအဆောက်အအုံအဖြစ် အသုံးချနေကြောင်း။
- ထို့အတူ စစ်ကိုင်းတိုင်းဘက်တွင်လည်း ပညာရေးအဆောက်အအုံများ၊ ကျန်းမာရေးအဆောက်အအုံများကို သိမ်းပိုက်ပြီး ကတုတ်ကျင်းတူးခြင်း၊ ဘန်ကာဆောက်ခြင်းများ ပြုလုပ်ကာ အထဲ၌ ဝင်ရောက်ခိုအောင်းနေထိုင်ကြကြောင်း။

ထိုကဲ့သို့ ယုတ်မာရိုင်းစိုင်းသော အကြံအစည်မျိုးရှိသည့် သောင်းကျန်းသူများကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ပြီး အမြစ်ပြတ်ချေမှုန်းသွားရမှာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၃)**

- **သီန္နီမြို့ရှိ ဌာနချုပ်အနေဖြင့် မြို့တွင်းပြန်လည်လုံခြုံမှုရရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိ။**
- **KNPP နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်ပြီး ပညာရေးဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းခဲ့ရာ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်များရရှိသည့်အပြင် ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများကိုလည်း ကယ်ထုတ်နိုင်ခဲ့။**
- **ရခိုင်တွင် နယ်ခြားစောင့်ရဲကင်းစခန်းငယ်တစ်ခုဖြစ်သည့် ဒုံးပိုက်ရဲကင်းစခန်းကို AA အဖွဲ့က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ တပ်မတော်အနေဖြင့် ကြည်းတပ်နှင့် ရေတပ် ပူးပေါင်းစစ်ဆင်ပြီး ချေမှုန်းလျက်ရှိ။**
- **စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့ကို ပြန်လည်ထိန်းသိမ်းနိုင်သည့် အခြေအနေရှိပြီး ထီးချိုင့်အနီးတစ်ဝိုက် တွင် ဆုတ်ခွာသွားသော KIA နဲ့ PDF ပူးပေါင်းအဖွဲ့များကို လိုက်လံချေမှုန်းလျက်ရှိ။**

## Mrs. Aya Saad Mohamed Abdelkarim အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်နိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင် အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်ပါသည်။

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၁၉၈၉ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၊ ပါရီမြို့ရှိ France Institut Internationale d' Administration Publique မှ နိုင်ငံတကာဆက်ဆံရေးဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ အီဂျစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များထမ်းဆောင်ခဲ့သည်။

ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ၊ အီဂျစ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ အီဂျစ်သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆားဘီးယားနိုင်ငံရှိ အီဂျစ်သံရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ၂၀၂၀ ပြည့်နှစ်အထိ မောရစ်ရှပ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ်လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်မှစတင်၍ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပသမဂ္ဂဆိုင်ရာဒုတိယလက်ထောက်ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် အီဂျစ်အာရပ် သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်။**

## ကိုဗစ်-၁၉ ရန်ပုံငွေမှ မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်မှုများကြောင့် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေးအပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ကြောင်း ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်(၂/၂၀၂၃)ဖြင့် အသိပေးကြေညာခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် ချေးငွေထုတ်ပေးခဲ့သော မွေးမြူရေးကဏ္ဍမှ လုပ်ငန်း ၃၂၇ ခုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်းတစ်နှစ် စေ့ရောက်သည့်နေ့မှစ၍ သက်တမ်းတစ်နှစ်တိုးမြှင့်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများထိခိုက်မှုများကြောင့် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့်ချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ



**မန္တလေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။ ထိုသို့အားပေးထောက်ခံလျက်ရှိရာ နိုဝင်ဘာလ ၁၄ ရက်တွင်-

- မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကိုလိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား (၂,၀၀၀) ကျော်သည် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင် လူငယ်အားကစားလေ့ကျင့်ရေးစခန်းကွင်း၌ လည်းကောင်း၊
- ပြင်ဦးလွင်မြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၁,၅၀၀ ဦးခန့်သည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်း၌လည်းကောင်း၊
- မိတ္ထီလာမြို့တွင် မျိုးချစ်ရဟန်းနှင့်ပြည်သူ ၁,၄၈၅ ဦးခန့်သည် မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌လည်းကောင်း၊
- မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၈၅၀ ဦးခန့်သည် မကွေးမြို့ ခရိုင်အားကစားကွင်း၌လည်းကောင်း တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို အသီးသီးကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါမြို့နယ်များရှိ အားကစားကွင်းများအတွင်း၌ အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကိုဖွင့်လှစ်ခဲ့ပြီး အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**






မန္တလေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု

- မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူများက တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို အသီးသီးကျင်းပပြုလုပ်ခဲ့။






ပြင်ဦးလွင်မြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု



မိတ္ထီလာမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု



မိတ္ထီလာမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု





မကွေးမြို့၌ ပြည်သူများက အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပနေမှု

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်း အခမ်းအနားများကို ကျင်းပလျက်ရှိရာ နိုဝင်ဘာလ ၁ ရက်မှ ၁၄ ရက်ထိ-

- ရန်ကုန်တိုင်းစစ်ဌာနချုပ်ရှိ အနော်ရထာခန်းမ၌ စေတနာရှင်အလှူရှင် ၂၇ ဦးက စုစုပေါင်းဂုဏ်ပြုချီးမြှင့်ငွေ ၅၁,၄၈၂ သိန်းအား ဂုဏ်ပြုပေးအပ်ခဲ့ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့။

အခမ်းအနားအသီးသီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ပြီး စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၁ ရက် မှ ၁၄ ရက်ထိ ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၃၈,၁၄၁ သိန်းအား ပေးအပ်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁ ရက်မှ ၁၄ ရက်ထိ တိုင်းနှင့်ပြည်နယ်အသီးသီးမှ စေတနာရှင် အလှူရှင်များက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၃၈,၁၄၁ သိန်းအား ပေးအပ်လှူဒါန်းခဲ့။**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ ထပ်မံပေးပို့လှူဒါန်း




အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကို လားရှိုးမြို့မှတဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ထပ်မံပေးပို့လှူဒါန်းခဲ့ပါသည်။

အလားတူ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော် ၆,၅၇၀ ထုပ်၊ ငါးပိကြော် ၅,၄၅၀ ထုပ်နှင့် ငံပြာရည်ကြော် ၄၀၀ ထုပ်တို့အား ပုသိမ်မြို့မှတစ်ဆင့် လားရှိုးမြို့သို့ တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ပေးပို့လှူဒါန်းခဲ့ပါသည်။

အဆိုပါ ဒံပေါက်ဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် **"တပ်မတော်သားများ တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ အန္တရာယ်ရန်စွယ်တွေကို ကျော်လွှားနိုင်ပါစေ၊ အမျိုးဘာသာ၊ သာသနာကို ကာကွယ်စောင့်ရှောက်နေသော တပ်မတော်သားများ ကျန်းမာပါစေ"** စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများ၊ စားသောက်ဖွယ်ရာများနှင့်အတူ ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထပ်မံပေးပို့ခဲ့။**


**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများ နှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**












## စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများ













# ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီများ ပုံမှန်အခြေအနေအတိုင်း ဝယ်ယူလျက်ရှိ



ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်တွင် အရောင်းဆိုင်အချို့၌ ပုံမှန်ထက် စက်သုံးဆီဝယ်ယူမှု ပိုမိုမြင့်မားလာမှုကြောင့် လိုအပ်သောစက်သုံးဆီများကို စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် ရန်ကုန်သီလဝါဆိပ်ကမ်းဒေသရှိ Terminal များမှ ယင်းစက်သုံးဆီအရောင်းဆိုင်များသို့ ဖြန့်ဖြူးပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁၁ ရက်တွင် ဆီတင်ယာဉ် ၃၃၄ စီးဖြင့် 92 Ron ဂါလန်လေးသိန်းကျော်၊ 95 Ron ဂါလန်တစ်သိန်းကျော်၊ ဒီဇယ်ဆီ ဂါလန်တစ်သိန်းခုနစ်သောင်းကျော်နှင့် ပရီမီယမ်ဒီဇယ်ဆီ ဂါလန်နှစ်သိန်းခုနစ်သောင်းကျော်အားလည်းကောင်း၊
- နိုဝင်ဘာလ ၁၂ ရက်တွင် ဆီတင်ယာဉ် ၂၆၈ စီးဖြင့် 92 Ron ဂါလန်သုံးသိန်းကျော်၊ 95 Ron ဂါလန်ခုနစ်သောင်းခွဲကျော်၊ ဒီဇယ်ဆီ ဂါလန်တစ်သိန်းလေးသောင်းကျော်၊ ပရီမီယမ်ဒီဇယ်ဆီ ဂါလန်နှစ်သိန်းသုံးသောင်းကျော်အားလည်းကောင်း ဖြည့်တင်းဆောင်ရွက်ပေးခဲ့။

နိုဝင်ဘာလ ၁၃ ရက်မှစ၍ ၎င်းအရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အခြေအနေအတိုင်းဖြစ်ပြီး လိုအပ်ပါက စက်သုံးဆီများကို အချိန်မီဖြည့်ဆည်းပေးသွားမည်ဖြစ်သောကြောင့် ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကို လိုအပ်သလို ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တွင် ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် 92 Ron ဂါလန်ခုနစ်သိန်းကျော်၊ 95 Ron ဂါလန်တစ်သိန်းခုနစ်သောင်းခွဲကျော်၊ ဒီဇယ်ဆီ ဂါလန်သုံးသိန်းတစ်သောင်းကျော်နှင့် ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၎ါးသိန်းကျော်အား ဖြည့်တင်းထားရှိ။**
- **နိုဝင်ဘာလ ၁၃ ရက်မှစ၍ ၎င်းအရောင်းဆိုင်အားလုံးတွင် စက်သုံးဆီလာရောက်ဝယ်ယူမှုအခြေအနေမှာ ယခင်ကဲ့သို့ ပုံမှန်အခြေအနေအတိုင်းဖြစ်ပြီး ပြည်သူလူထုအနေဖြင့် စက်သုံးဆီများကို လိုအပ်သလို ဝယ်ယူနိုင်ပြီဖြစ်။**

# တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ်(စကု) နှင့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ





တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန နယ်လှည့်အထူးကုဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု)တို့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ကျေးရွာများမှ ဒေသခံပြည်သူများအားလည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု) တို့သည်-

- နိုဝင်ဘာလ ၉ ရက်နှင့် ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၅၆၀ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၁ ရက်နှင့် ၁၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ထုံးဘိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၁၅၇ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၈၉၇ ဦးအားလည်းကောင်း ဆေးကုသမှုပေးခဲ့။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) သည်-

- နိုဝင်ဘာလ ၈ ရက်နှင့် ၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ပေါ်ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၁၉၇ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၁ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဧရပ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂,၀၀၉ ဦးအားလည်းကောင်း။
- နိုဝင်ဘာလ ၁၃ ရက်တွင် ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁,၂၂၉ ဦးအားလည်းကောင်း ဆေးကုသမှုပေးခဲ့။

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)၊ မြစ်ရေယာဉ် (စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်



ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂,၇၉၃ ဦး၊ ခွဲစိတ်ရောဂါ ၆၉၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၃၇ ဦး၊ ကလေးရောဂါ ၄၁၀ ဦး၊ အရိုးရောဂါ ၁,၂၆၀ ဦး၊ နား/ နှာခေါင်း/လည်ချောင်းရောဂါ ၄၇၁ ဦး၊ မျက်စိရောဂါ ၁,၅၆၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၁၇ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၈,၀၄၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၈ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၆၅ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အပြင် ဓာတ်မှန်ရိုက်လူနာ ၁၂၃ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၁၃၂ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၃၂၁ ဦး၊ Ultrasound ရိုက်လူနာ ၁၉၁ ဦး၊ နှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၆၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ၊ ဒေသခံပြည်သူ ၂၆၈ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ဆေးရုံတက်ကုသရန်လိုအပ်သူ ၂၉ ဦးအား နီးစပ်ရာဆေးရုံများတွင် ဆေးကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် နိုဝင်ဘာလ ၉ ရက်တွင် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ် (စကု)၏ လက်ရှိခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မြန်အောင်မြို့နယ်၊ မြို့မရေလယ်ကျွန်းနေ ကိုယ်ဝန်ဆောင်လူနာ ၁ ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု)နှင့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တို့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တို့ရှိ မြို့များနှင့် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။**
- **အဆိုပါဆေးရုံရေယာဉ်များတွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ သားဖွား/မီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားရောဂါ၊ အထွေထွေရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူစုစုပေါင်း ၈,၀၄၉ ဦးရှိပြီဖြစ်။**

## တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ











## တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် မှတ်တမ်းဓာတ်ပုံများ












# ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၁၂၀,၁၃၂ ဒသမ ၁၁၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀၉ ဒသမ ၆၅၄ သန်းရရှိကာ နယ်စပ်ကုန်သွယ်ရေးမှ မက်ထရစ်တန် ၁၂၀,၈၇၂ ဒသမ ၈၀၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆၅ ဒသမ ၄၈၆ သန်း စုစုပေါင်း မက်ထရစ်တန် ၂၄၁,၀၀၄ ဒသမ ၉၁၉ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၅ ဒသမ ၁၄ သန်းရရှိထား။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၂၇၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၅၈၃,၆၈၃ တန်တင်ပို့နိုင်ခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ခုနစ်လတာကာလအတွင်း ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ၁,၁၆၉ ဒသမ ၀၂ တန် တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ၁၅၀ တန် တင်ပို့ရာ စုစုပေါင်း မက်ထရစ်တန်ချိန် ၁,၃၁၉ ဒသမ ၀၂ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၇၈ သန်းရရှိခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၈၄၀,၂၂၆ ဒသမ ၁၀၈ တန်နှင့် နယ်စပ်မှ ၁၃၄,၄၇၀ ဒသမ ၁၉၈ တန် စုစုပေါင်း ၉၇၄,၆၉၆ ဒသမ ၃၀၆ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၁၇ ဒသမ ၉၀၄ သန်းရရှိခဲ့။

ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ယခုနှစ် ၁၀ လတာကာလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘောအစင်းရေ ၅၀၀ ကျော် ဆိုက်ကပ်ကုန်သွယ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၂၄၁,၀၀၄ ဒသမ ၉၁၉ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၇၅ ဒသမ ၁၄ သန်းရရှိခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ အမေရိကန်ဒေါ်လာ ၂၇၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၅၈၃,၆၈၃ တန်တင်ပို့နိုင်ခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ပျားရည်တင်ပို့မှုအနေဖြင့် မက်ထရစ်တန်ချိန် ၁,၃၁၉ ဒသမ ၀၂ တန် တင်ပို့ခဲ့ပြီး အမေရိကန် ဒေါ်လာ ၁ ဒသမ ၉၇၈ သန်းရရှိခဲ့။
- ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃ ရက်အထိ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် စုစုပေါင်း ၉၇၄,၆၉၆ ဒသမ ၃၀၆ တန်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၁၇ ဒသမ ၉၀၄ သန်းရရှိခဲ့။

## ထီးချိုင့်မြို့တွင် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းပြီး မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့အား နိုဝင်ဘာလ ၉ ရက်တွင် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက အင်အားအလုံးအရင်းဖြင့် ဝင်ရောက်ခဲ့ပြီး မြို့နှင့်အနီးပတ်ဝန်းကျင်တွင် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူနေအိမ်များနှင့် အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း စသည့် အကြမ်းဖက်အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်လာခဲ့ပါသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအား တပ်မတော်စစ်ကြောင်းများက ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE) နှင့်အညီ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများနှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ထီးချိုင့်မြို့အား နိုဝင်ဘာလ ၁၂ ရက်တွင် တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။





**ထီးချိုင့်မြို့အတွင်းရှိ စာသင်ကျောင်းများ၊ လူနေအိမ်များအကြား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် မိုင်းများအား တပ်မတော်သားများက ရှင်းလင်းပေးနေမှု**





**KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထီးချိုင့်မြို့ရှိ လူနေအဆောက်အဦများနှင့် ဌာနဆိုင်ရာအဆောက်အဦများ ပျက်စီးဆုံးရှုံးမှုများ**

ထိုသို့ဆောင်ရွက်ခဲ့သဖြင့် နိုဝင်ဘာလ ၁၂ ရက်တွင် အကြမ်းဖက်သမားများသည် ထီးချိုင့်မြို့အတွင်းရှိ လူနေအိမ်များနှင့် ဌာနဆိုင်ရာအဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်၍ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ကျဆုံး၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

အကြမ်းဖက်သမားများထံမှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမား ရုပ်အလောင်းအချို့နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်းလုပ်ငန်းများ၊ စာသင်ကျောင်းပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၃)**

- **ထီးချိုင့်မြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား တိုက်ခိုက်ချေမှုန်းရန် တပ်မတော်စစ်ကြောင်းများက ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းနှင့်အညီ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ပြီး နေရပ်စွန့်ခွာဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်းလုပ်ငန်းများ၊ စာသင်ကျောင်းပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်းနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို နေရာအလိုက်၊ လမ်းများအလိုက် စနစ်တကျ ဆက်လက်ဆောင်ရွက်လျက်ရှိ။**

**KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အဦများတွင် ဘန်ကာများ ဆောက်လုပ်ထားရှိသည့် မှတ်တမ်းဓာတ်ပုံများ**











# KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ရှိ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် နိုဝင်ဘာလ ၁၃ ရက် နံနက် ၇ နာရီ ၅၀ မိနစ်ခန့်တွင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့ပါသည်။


ထိုကဲ့သို့ ကြိုးပမ်းလာမှုအား နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းရလျှင်ရခြင်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေး၊ ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ဘေးကင်းရာနေရာများသို့ ပို့ဆောင်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်အဖွဲ့များနှင့် အပြန်အလှန်ထိတွေ့မှုများ ဖြစ်ပွားလျက်ရှိသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှ စတင်ကာ လူနေအဆောက်အဦများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနေစဉ်အတွင်း၌ လည်း အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေဒဏ်ရာရရှိစေလိုသော ယုတ်မာရက်စက်သည့် ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးများဖြင့်အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရပါသည်။

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းခဲ့မှုနှင့် ပစ်ခတ်တိုက်ခိုက်မှုများသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်ဖြစ်ပါသည်။ ၎င်းတို့၏ လုပ်ဆောင်မှုများကြောင့် တက္ကသိုလ်အတွင်းရှိ ပညာရေးဆိုင်ရာ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုပစ္စည်းများနှင့် အဆောက်အဦများ ထိခိုက်ပျက်စီးခဲ့ရကာ လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စစ်သည်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များ၏ အလောင်း၊ လက်နက်အချို့ သိမ်းဆည်းရမိခဲ့ပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လုပ်ဆောင်မှုများအပေါ် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးအတွက် လိုအပ်သည်များ တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး ကယားပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့်လည်း မိမိတို့၏ဒေသအေးချမ်းသာယာစေရေး၊ ပြည်သူလူထု ထိခိုက်နစ်နာမှု မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၁၁-၂၀၂၃)**




**KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ**

- **KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်ရှိ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ အား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းလာခဲ့။**
- **နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဘေးကင်းရာနေရာ များသို့ ပို့ဆောင်ပေးနိုင်ရေး စနစ်တကျဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အဖွဲ့များနှင့် အပြန်အလှန် ထိတွေ့မှု များ ဖြစ်ပွားလျက်ရှိ။**
- **KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ယခုကဲ့သို့ ပညာရေးကဏ္ဍအပေါ် တိုက်ခိုက်မှု များသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏ အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သောလုပ်ရပ်ဖြစ်။**

# ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြားရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှု ကျူးလွန်



**ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာကြားရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ထိခိုက်ပျက်စီးနေမှု**

ရန်ကုန် - မန္တလေးရထားလမ်းမကြီး၏ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင် ၈၅/၁-၂ ကြား တံတားအမှတ်(၁၁၆/A) အနီးရှိ ရထားလမ်းအား နိုဝင်ဘာလ ၁၄ ရက်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအစွန်ကွန်ကရစ်ခုံ ၃ ပေပတ်လည်ခန့်ပျက်စီးခဲ့ပြီး တံတားပေါ် သံလမ်းနှစ်ခုကြား ပလပ်စတစ်ကော်ပုံးနှင့်ထည့်ထားသည့် လက်လုပ်မိုင်း (၃)လုံးနှင့် တံတားအောက်တွင် လက်လုပ်မိုင်း(၄)လုံးအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့ပါသည်။

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း ပျက်စီးသွားသောရထားလမ်းအား ပြန်လည်မွမ်းမံပြုပြင်ခြင်း ဆောင်ရွက်ခဲ့ပါသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှစ၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/တွေ့ရှိခြင်း(၁၂၈)ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း(၄၆)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် ကျူးလွန်ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့်ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သောရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**



ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြား တံတားအမှတ် (၁၁၆/A) အား မိုင်းထောင်ဖောက်ခွဲရန်တပ်ဆင်ထားသော ယမ်းကြိုး၊
ဆက်စပ်ပစ္စည်းများနှင့် ယမ်းများထည့်သွင်းထားသည့် ပလပ်စတစ်ပုံး ၇ ပုံး

- ရန်ကုန် - မန္တလေးရထားလမ်းမကြီး၏ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင် ၈၅/၁-၂ ကြား တံတားအမှတ်(၁၁၆/A) အနီးရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ရာ တံတားအစွန်ကွန်ကရစ်ခုံ ၃ ပေ ပတ်လည်ခန့်ပျက်စီးခဲ့ပြီး တံတားပေါ်သံလမ်းနှစ်ခုကြား ပလပ်စတစ်ကော်ပုံးနှင့်ထည့်ထားသည့် လက်လုပ်မိုင်း (၃)လုံးနှင့် တံတားအောက်တွင် လက်လုပ်မိုင်း (၄)လုံးအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့။

- အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် မှစ၍ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/တွေ့ရှိ ခြင်း(၁၂၈)ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း(၄၆)ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၂)ကြိမ် ကျူးလွန်ခဲ့။

- အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူများအသက်အန္တရာယ်ထိခိုက်ပြီး ရထားဖြင့်ခရီးသွားလာမှုမပြုရဲအောင် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် ရထားလမ်းနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း အကြိမ်ကြိမ် ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိ။



ဒိုက်ဦး-ပြွန်တန်ဆာဘူတာကြား တံတားအမှတ် (၁၁၆/A) အပေါ် ရထားသံလမ်းနှစ်ခုကြား၌ မိုင်းထောင်ထားရှိမှု

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- နိုဝင်ဘာလ ၈ ရက်မှ ၁၄ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၂၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ထိ စုစုပေါင်း ၁,၈၁၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **နိုဝင်ဘာလ ၈ ရက်မှ ၁၄ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၈ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၂ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ကချင်ပြည်နယ်၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၂ ဦး၊ စုစုပေါင်း ၂၂ ဦးတို့ကို ဖမ်းဆီးရမိခဲ့။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်ထိ စုစုပေါင်း ၁,၈၁၃ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

# ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ



**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၆၉ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများကို တရားခံများနှင့်အတူ ဖမ်းဆီးရမိ**

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း ၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက် လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း အောက်ပါ အတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ် နိုင်ငံလုံးတွင် ဘိန်း ၇၈.၉ ကီလို၊ ဘိန်းဖြူ ၉၀.၃ ကီလို၊ စိတ် ကြွရူးသွပ်ဆေးပြား ၁၁,၄၉၃,၀၁၁ ပြား၊ စိတ်ကြွရူးသွပ် ဆေးပြားအကြေ ၀.၀၃ ကီလို၊ အိုက်စ် ၂.၈ ကီလို၊ ဆေး ခြောက် ၅၇.၃ ကီလို၊ ဘိန်းဆီခဲ ၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၀.၀၃ ကီလို၊ ဘိန်းစာပင် ၃ ပင်၊ ဘိန်းစာရွက် ၁၃၄.၅ ကီ လို၊ ဘိန်းစာမှုန့် ၉၁၂.၇ ကီလို၊ အက်တက်စီဆေးပြား ၁၀, ၇၉၅ ပြား၊ အက်တက်စီဆေးပြားအကြေ ၀.၀၂ ကီလို၊ ကတ် တမင်း ၂၀.၄ ကီလို၊ ကတ်တမင်းထိုးဆေး ၄,၈၅၀ ပုလင်း၊ Happy Water ၈၃.၂ ကီလို၊ ထရာမဒေါလ်ဆေးတောင့် ၄၈,၀၀၀ တောင့်၊ Midazolam ထိုးဆေး ၂,၀၀၀ ပုလင်း၊ Caffeine ၂၅.၉ ကီလို၊ Methylammine ၁၃,၅၀၀ လီတာ၊ Ethyl Acetate ၁၁,၅၂၀ လီတာ၊ Benzene ၃,၈၀၀ လီ တာနှင့် Benzyl Cyanide ၁၂,၀၀၀ လီတာ စုစုပေါင်း တန်ဖိုးငွေကျပ်သန်းပေါင်း ၃၅,၂၂၄.၈၂၇ (US$ ၁၆.၇၇၃ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၇၁၄ ဦး၊ အမျိုးသမီး ၁၃၀ ဦး၊ စုစုပေါင်း တရားခံ ၈၄၄ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက် ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိ ရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း ၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၅-၁၁-၂၀၂၃)**

- **အောက်တိုဘာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူးယစ်ဆေးဝါး ဖမ်းဆီးခြင်းများဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၃၅,၂၂၄.၈၂၇ (US$ ၁၆.၇၇၃ သန်းကျော်) တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၇၁၄ ဦး၊ အမျိုးသမီး ၁၃၀ ဦး၊ စုစုပေါင်းတရားခံ ၈၄၄ ဦးအား ဖမ်းဆီးရမိခဲ့။**

## ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ




ဒဂုံမြို့သစ်(တောင်ပိုင်း)နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် ငွေကျပ် ၁ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို တရားခံများနှင့်အတူ ဖမ်းဆီးရရှိမှု



မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၉၅၀၀ တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံးများကို တရားခံနှင့်အတူ ဖမ်းဆီးရရှိမှု




တာချီလိတ်မြို့တွင် ငွေကျပ် ၄၁၃၂.၇ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(Happy Water)များကို တရားခံနှင့်အတူ ဖမ်းဆီးရရှိမှု